# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စိုက်ပျိုးရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်- ၁ /၂၀၂၆
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း( ၂ )ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ( ၁၉ )ရက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်လွှာများတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | နည်းပြ(စိုက်ပျိုးရေး/မွေးမြူရေး)<br>(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ( ၅၀ )နေရာ | B.Agr.Sc ဘွဲ့ရ/<br>B.V.Sc/D.V.M/B.A.Sc ဘွဲ့ရ |
| ( ခ ) | ဒုတိယလက်ထောက်ဦးစီးမှူး<br>(ကွင်းဆင်းလက်ထောက်)<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၁၀၀)နေရာ | B.Agr.Sc ဘွဲ့ရ/ Dip.Agri<br>အောင်လက်မှတ်ရ/<br>B.A.Sc ဘွဲ့ရ/ Dip.AH<br>(မွေးမြူရေးဒီပလိုမာ)<br>အောင်လက်မှတ်ရ |
| ( ဂ ) | စာရင်းကိုင်(၄)<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၄၀)နေရာ | ဘွဲ့တစ်ခုခုရ |
| (ဃ) | အငယ်တန်းစာရေး<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၈၀)နေရာ | ဘွဲ့တစ်ခုခုရ |
| ( င ) | ဒုတိယလက်ထောက်<br>ကွန်ပျူတာလုပ်ဆောင်ရေးမှူး<br>(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၃၀)နေရာ | ဘွဲ့တစ်ခုခုရ+ကွန်ပျူတာ<br>Basic အောင်လက်မှတ်ရ |
| ( စ ) | ထွန်စက်မောင်း(၅)/စက်မောင်း(၅)<br>(၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | (၁၀)နေရာ | အလယ်တန်းအောင်+<br>ယာဉ်မောင်းလိုင်စင်(ခ)အဆင့်<br>ရရှိသူ/စက်ပြင်သင်တန်း<br>လက်မှတ်ရရှိသူ |
| (ဆ) | ယာဉ်မောင်းစက်ပြင်(၅)<br>(၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | (၁၅)နေရာ | အလယ်တန်းအောင်+<br>ယာဉ်မောင်းလိုင်စင်(ခ)အဆင့်<br>ရရှိသူ/စက်ပြင်သင်တန်း<br>လက်မှတ်ရရှိသူ |

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (ဇ) | လုပ်သား(သန့်ရှင်းရေး/ စိုက်ပျိုးရေး/မွေးမြူရေး) (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၇၀)နေရာ | အလယ်တန်းအောင် |
| (ဈ) | အစောင့် (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၃၀)နေရာ | အလယ်တန်းအောင် |
| (ည) | ရုံးအကူ/စာပို့ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၂၀)နေရာ | အလယ်တန်းအောင် |
| | **စုစုပေါင်း** | **(၄၄၅)နေရာ** | |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အမှတ်စဉ်(က)မှ(င)ထိ ရာထူးများအတွက် ၃၁-၁၂-၂၀၂၅ ရက်တွင် အသက်(၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) မဟာဘွဲ့ရပြီးသူများအတွက် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) အမှတ်စဉ်(စ)နှင့်(ဆ)ရာထူးများအတွက် ၃၁-၁၂-၂၀၂၅ ရက်တွင် အသက်(၄၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(င) အမှတ်စဉ်(ဇ)မှ (ည)ထိ ရာထူးများအတွက် ၃၁-၁၂-၂၀၂၅ ရက်တွင် အသက်(၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(စ) အမှတ်စဉ်(စ)မှ(ည)ထိ ရာထူးများအတွက် လက်ရှိဦးစီးဌာန နေ့စားဖြစ်ပါက အသက်ကန့်သတ်ချက်လျှော့ပေါ့စဉ်းစားပေးမည်။

(ဆ) အမှတ်စဉ်(က)ရာထူးအတွက် အနည်းဆုံးလုပ်သက် တစ်ဆက်တည်း (၅)နှစ်နှင့် အမှတ်စဉ်(ခ) မှ (ည)ထိ ရာထူးများအတွက် အနည်းဆုံး လုပ်သက်တစ်ဆက်တည်း(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဇ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဈ) အစိုးရဌာနတစ်ခုခု၏ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲလျက် စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ၁၃ - ၂ -၂၀၂၆ ရက်အရောက် ပေးပို့လျှောက်ထားရမည်-

(က) ပညာအရည်အချင်း အောင်လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်းဖြေဆိုသည့်အခါ အောင်လက်မှတ်မူရင်းတင်ပြရန်)

( ခ ) အမှတ်စဉ်(က)မှ(င)ထိရာထူးများအတွက် အသက်အထောက်အထားအား အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ အမှတ်စဉ်(စ)မှ(ည)ထိရာထူးများအတွက်အသက်အထောက်အထားအား အခြေခံပညာအလယ်တန်းအောင်လက်မှတ်မိတ္တူ(လူတွေ့စစ်ဆေးခြင်းဖြေဆိုသည့်အခါ အောင်လက်မှတ်မူရင်းတင်ပြရန်)

( ဂ ) လျှောက်လွှာပိတ်ရက်မတိုင်မီ(၁)လအတွင်း သက်ဆိုင်ရာ ရဲစခန်းမှထောက်ခံထားသည့်ပြစ်မှု၊ မှုခင်းကင်းရှင်းကြောင်းထောက်ခံချက်မူရင်း

(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော နောက်ခံအနီရောင်လိုင်စင်ဓါတ်ပုံ(၂)ပုံ (နောက်ကျောတွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားဖော်ပြရန်)

( င ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများတွင် လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်းရယူထားသည့်ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာမူရင်း

( စ ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဆ) ပြင်ပမှလျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ

( ဇ ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

၄။ လျှောက်လွှာများကို နေပြည်တော်၊ ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)နှင့် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ရုံးများတွင်ရရှိနိုင်ပါသည်။

၅။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များပြည့်စုံစွာ ဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၆။ အမှတ်စဉ်(က)ရာထူးအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို နေပြည်တော်စာစစ်ဌာနတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များအား မေးခွန်းတစ်ခုလျှင်(၂)နာရီဖြင့် အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဖြေဆိုရမည်ဖြစ်သည်-

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုမည့်ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ | ၂၁ -၂ -၂၀၂၆ | (၀၉:၃၀ နာရီမှ ၁၁:၃၀ နာရီထိ) |
| ( ခ ) | အထွေထွေဗဟုသုတ | ၂၁ -၂ -၂၀၂၆ | (၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီထိ) |
| ( ဂ ) | အင်္ဂလိပ်စာ | ၂၂ -၂ -၂၀၂၆ | (၀၉:၃၀ နာရီမှ ၁၁:၃၀ နာရီထိ) |

၇။ ယင်းရာထူးအတွက် ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၀ - ၂ -၂၀၂၆ ရက်တွင် နေပြည်တော်ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊စည်းမျဉ်းနှင့်ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)တွင် ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ရုံးချိန်အတွင်း ထုတ်ယူရပါမည်။

၈။ အမှတ်စဉ် (ခ)မှ (ည)ထိ ရာထူးများအတွက် အရည်အချင်းစစ် လူတွေ့စစ်ဆေးခြင်းကို နေပြည်တော်စာစစ်ဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနများတွင် ၂၃ - ၂ -၂၀၂၆ ရက်မှ ၂၇- ၂ -၂၀၂၆ ရက်အတွင်း ကျင်းပမည်ဖြစ်ပါ၍ မိမိတို့ဖြေဆိုမည့်ရာထူးအမည်နှင့် စာစစ်ဌာန တစ်မျိုးတည်းကိုသာ ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ဖြေဆိုရမည်ဖြစ်ပါသည်။ အမှတ်စဉ်(င)ရာထူးအတွက် လူတွေ့စာမေးပွဲဖြေဆိုပြီးပါက လက်တွေ့ကွန်ပျူတာကျွမ်းကျင်မှုအား ဆက်လက်စစ်ဆေးသွားမည်ဖြစ်သည်။

၉။ ယင်းရာထူးများအတွက် လူတွေ့စစ်ဆေးခြင်းကို တိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနများတွင် ဖြေဆိုသူများအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများ၌လည်းကောင်း၊ နေပြည်တော်စာစစ်ဌာနတွင် ဖြေဆိုသူများအနေဖြင့် ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)၌လည်းကောင်း ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ၂၀-၂-၂၀၂၆ ရက်တွင် ရုံးချိန်အတွင်း လာရောက်သတင်းပို့ရမည်ဖြစ်သည်။ယင်းတို့အား သက်ဆိုင်ရာစာစစ်ဌာနများ၏ အစီအစဉ်ဖြင့် လူတွေ့စစ်ဆေးမှုဆောင်ရွက်မည်ဖြစ်သည်။

၁၀။ အမှတ်စဉ်(က)ရာထူးအတွက် ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့် အစီအစဉ်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး သိရှိစုံစမ်းလိုပါက စိုက်ပျိုးရေးဦးစီးဌာန **Website** [www. doa.gov.mm](http://www.doa.gov.mm) နှင့်အပိုဒ်(၁၁)ပါ ဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၁၁။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ တယ်လီဖုန်းအမှတ်- ၀၆၇-၃၄၁၀၃၂၅/ ၀၆၇-၃၄၁၀၅၁၆/ ၀၆၇- ၃၄၁၀၅၁၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန